# ပြည်သူများသို့ အသိပေးချက် (၂)

# (၂၀၂၀) ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တိုက်ရိုက်လမ်းညွှန်မှုအောက်တွင် ကော်မတီ၏ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအား COVID-19 ကပ်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းနှင့် ကုသရေး ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

1. ယခုအချိန်၌ ဝန်ကြီးဌာနမှ သက်ဆိုင်ရာဘာသာရပ်များမှ ပါမောက္ခများ၊ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများက COVID-19 ကူးစက်ခံရသော လူနာများအား အသေအပျောက် အနည်းဆုံးဖြစ်စေရန် နေ့မနား၊ ညမအား အစွမ်းကုန် ကုသပေးလျက်ရှိပါသည်။ COVID-19 လူနာများအတွက် လိုအပ်သော အစွမ်းထက်ပြီး တန်ဖိုးကြီးသည့် နောက်ဆုံးပေါ် ဆေးဝါးများကိုလည်း အမြန်ဆုံး ဝယ်ယူဖြည့်ဆည်း ပေးလျက်ရှိပါသည်။
2. COVID-19 ရောဂါ ထပ်မံကူးစက်ပျံ့နှံ့မှုမရှိစေရန် ပြည်သူ့ကျန်းမာရေးဝန်ထမ်း ပညာရှင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၊ နီးနွယ် ဝန်ကြီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နည်းမျိုးစုံ၊ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ရောဂါဖြစ်ပွားပျံ့နှံ့မှုကို လျှော့ချနိုင်ရန် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။
3. COVID-19 ကူးစက်ခံရသူများ၊ အတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့ခဲ့သူ (primary contact) များထားရှိရန် အဆောက်အဦများ ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်ပြီး နီးနွယ်ဝန်ကြီးဌာနများ၊ အလှူရှင်များနှင့် ပူးပေါင်း၍ နေရာသစ်များ ရှာဖွေခြင်းနှင့် နေရာချထားခြင်းတို့ကို ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။
4. အသစ်ဖွင့်လှစ်သည့်နေရာ COVID-19 medical center များတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ စီမံခန့်ခွဲမှုပိုင်း ဆိုင်ရာ တာဝန်ယူမည့် ပုဂ္ဂိုလ်များအပြင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ ပုဂ္ဂလိကဆေးရုံ

များအသင်း အစရှိသည့် အသင်းများမှ ပုဂ္ဂိုလ်များကိုပါ တာဝန်ချထား ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာနအောက်ရှိ ဆေးနှင့်နှီးနွှယ်တက္ကသိုလ် (၁၆)ခုမှ ဆရာဝန်နှင့် ဆေးနှီးနွှယ် ပညာရှင်များအား ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ တာဝန်ချထားသည့်အပြင် မိမိ သဘောဆန္ဒအလျောက် သွားရောက်၍ ကျန်းမာရေးဝန်ဆောင်မှု များကို ပေးလျက်ရှိပါသည်။

5. COVID-19 ဖြစ်ပွားမှုနှင့်သေဆုံးမှု အများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် လက်တွေ့မြေပြင်၌ အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်း ကိုင်တွယ်စီမံ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ကာ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဆေးနှင့်နှီးနွှယ်ပါမောက္ခ ဆရာဝန်ကြီးများ၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးပညာရှင် (၂၄)ဦး ပါဝင်သောအဖွဲ့ကို (၁၃-၉-၂၀၂၀)ရက်နေ့က ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့သည် နေ့စဉ်လုပ်ငန်းအခြေအနေများကို ကွင်းဆင်းသုံးသပ်ပြီး ညနေပိုင်း၌ ဝန်ကြီးဌာန(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အချိန်နှင့်တစ်ပြေးညီ နေ့စဉ် ထိတွေ့ပေါင်းစပ်လျက် ဆုံးဖြတ်ချက်များကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြပြီး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များနှင့်တိုင်ပင်ပြီး ချက်ချင်းဆောင်ရွက်လျက်ရှိပါသည်။

6. ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများတွင် စောင့်ကြည့်လူနာ (PUI) များ ပြည့်ကြပ် မနေစေရန်အတွက် လူနာများ ထားရှိရန် လူနာဆောင်နေရာအသစ်များ တိုးချဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

7. ဆေးရုံများ၌ COVID-19 ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်မှု မရှိစေရန်နှင့် အလုံအလောက် ထောက်ပံ့ပေးနိုင်ရန် ဝန်ကြီးဌာန ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသည့်အပြင် GAVI (US$ ၁၀ သန်း)၊ Global Fund (US$ ၇သန်း)၊ Access to Health Fund (US$ ၁၆ သန်း)၊ WHO (US$ ၅ သန်း)၊ USAID (US$ ၈ သန်း)၊ ADB (US$ ၁.၈ သန်း)၊ World Bank (US$ ၈ သန်း) စသည့် အဖွဲ့အစည်းများ၊ ဂျပန်နိုင်ငံ (US$ ၂၇ သန်း)၊ ကိုရီးယားသမ္မတနိုင်ငံ (US$ ၁ သန်း)နှင့် ထိုင်းနိုင်ငံ (US$ ၃ သိန်း)တို့မှ ထောက်ပံ့သော ပစ္စည်းကိရိယာများလည်း ရောက်ရှိလျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရမှ အထူးအပိုဆောင်းပံ့ပိုးသော (၂၆၇)

ဘီလီယံကျပ်နှင့် အလှူရှင်များ၏ လှူဒါန်းထားသော ပစ္စည်းများလည်း ရောက်ရှိလက်ခံလျက် ရှိပါသည်။

8. ယနေ့အချိန်ထိ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန အရေးပေါ်ရန်ပုံငွေ၊ ADB– GMS Health Security၊ COVID–19 Economic Relief Plan (CERP)မှ မြန်မာကျပ်ငွေ စုစုပေါင်း သန်းပေါင်း (၃၆,၀၀၀)ကျော်ခန့် အသုံးပြု၍ ဝယ်ယူလျက်ရှိပြီး COVID–19 ရောဂါ ကုသရေးနှင့်ဆိုင်သော ဆေးပစ္စည်းများ အသုတ်လိုက် ရောက်ရှိလျက်ရှိပါသည်။ World Bank နှင့် ADB ချေးငွေ အမေရိကန်ဒေါ်လာ သန်း (၉၀)ကျော်ဖြင့် ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ အထူးကြပ်မတ်ကုသခန်းများ တိုးချဲ့ဖြည့်ဆည်းခြင်း၊ ဆေးရုံများ၌ လိုအပ်သော ဆေးနှင့် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

9. COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ Website (www.mohs.gov.mm)နှင့် Social Media များမှတစ်ဆင့် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ သတင်းထုတ်ပြန်ချက်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၏ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်း ဆောင်ရွက်မှုသတင်းများ၊ ပြည်သူများအတွက် ကျန်းမာရေးအသိပညာပေး အချက်အလက်များ၊ ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များနှင့် GIS နည်းပညာ အသုံးပြု၍ COVID–19 Surveillance Dashboard နှင့် မြေပုံတို့အား အချိန်နှင့်တစ်ပြေးညီ လွှင့်တင်လျက်ရှိပါသည်။

10. ဆေးရုံများ၌ COVID–19 ဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများ လက်ကျန်ကို ကွန်ပျူတာစနစ်သုံး Dashboard ၌ ကြည့်ရှုသုံးသပ်ပြီး ဗဟိုမှ ချက်ချင်းဖြန့်ဖြူးပေးလျက်ရှိပါသည်။ အလားတူစွာ တိုင်းဒေသကြီး/ပြည်နယ် ဆေးရုံများသို့လည်း ဗဟိုရှိ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးဌာနမှ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

11. ရောဂါကူးစက်ခံထားရသော ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို တစ်နေရာတည်းတွင် စုစုစည်းစည်း ကုသပေးနိုင်ရန်အတွက် အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နေရာအချို့တွင် အထူးကြပ်မတ်ကုသ

ဌာနနှင့် အခြားလိုအပ်သည်များကို အမြန်ဆုံးဖြည့်ဆည်း ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။

12. သံသယလူနာ (PUI) များနှင့် ပိုးတွေ့သူနှင့်ထိတွေ့သူ (contact)များကို နာရီဝက်အတွင်း ပိုးရှိ၊ မရှိ သိရှိစစ်ဆေးနိုင်ရန် မကြာသေးမီကာလက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသော Antigen Test Kit များ လူဦးရေ (၄)သိန်းအတွက် မှာထားပြီး ကိုရီးယားသမ္မတနိုင်ငံမှလည်း အမေရိကန်ဒေါ်လာ (၅)သိန်းတန်ဖိုးရှိ Antigen Test Kit များ စတင်ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံကြီးများမှ သံသယလူနာများကို စစ်ဆေးနိုင်ရန်အတွက် စတင်ခွဲဝေဖြန့်ဖြူးနေပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ဆေးရုံများသို့လည်း ယနေ့စတင်ဖြန့်ဖြူးမည်ဖြစ်ပြီး ရောဂါသံသယရှိသူများအား ဓါတ်ခွဲစစ်ဆေးပေးမည်ဖြစ်ပါသည်။ မြို့နယ်အဆင့်၌ နှာခေါင်းတို့ဖတ် ဓါတ်ခွဲ နမူနာယူရန် သင်တန်းများလည်း ပေးပြီးဖြစ်ပါသည်။

13. ဘုန်းကြီးကျောင်းများ၊ စာသင်တိုက်များနှင့် သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများတွင်လည်း ကူးစက်ဖြစ်ပွားမှုများ ကာကွယ် ထိန်းချုပ်ရေးအတွက် လမ်းညွှန်အကြံပြုချက်များ ပြုစုထုတ်ဝေခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ လိုအပ်သည်များ ပံ့ပိုးခြင်း စသည့်လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

14. ဆေးရုံကြီးများ၌ လိုအပ်သည့် အရေးပေါ်ကုသခန်းများ၊ အောက်စီဂျင်ပိုက်လိုင်းများ၊ အောက်စီဂျင်အရည်ထုတ်ပေးနိုင်သည့်စက်၊ အောက်စီဂျင်ဓါတ်ငွေ့ထုတ်ပေးနိုင်သည့် စက်များကိုလည်း တပ်ဆင်ပေးလျက်ရှိပါသည်။ ထို့အပြင် ရွှေ့လျားဓါတ်မှန်စက် (Portable X-ray)၊ ကွန်ပျူတာအသုံးပြု ခေတ်မှီဓါတ်မှန် စက် (CT scan)နှင့် အလွယ်တကူ ရွှေ့ပြောင်းသယ်ဆောင် အသုံးပြုနိုင်သည့် တီဗီဓါတ်မှန်ဖြင့် ရောဂါရှာဖွေသည့်ကိရိယာ (Portable Ultrasound) အလိုအလျောက် အသက်ရှူစက် (Ventilator) အစရှိသည့် စက်ပစ္စည်းများကို ဆေးရုံကြီးများသို့ ပံ့ပိုးပေးလျက်ရှိပါသည်။

15. ရန်ကုန်တိုင်းဒေသကြီး၌ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အဆင်ပြေစွာ စီမံခန့်ခွဲနိုင်ရန်အတွက် ဗဟိုမှ ဒုတိယ

ညွှန်ကြားရေးမှူးချုပ် (ကုသရေးနှင့် ဆေးရုံများတာဝန်ခံ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)၊ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)အဖွဲ့တို့အား (၁၅-၉-၂၀၂၀)ရက်နေ့မှ စတင်တာဝန်ချထားပြီး ၎င်းတို့မှ နေ့စဉ်ဆောင်ရွက်ချက် အခြေအနေနှင့် အကြံပြုချက်များကို ပြည်ထောင်စုဝန်ကြီးထံ နေ့စဉ် သတင်း ပေးပို့လျက်ရှိပြီး လိုအပ်ချက်များကို ဝန်ကြီးဌာန (ဗဟို)မှ ချက်ချင်း ပြန်လည် တုံ့ပြန် ဆောင်ရွက်လျက်ရှိပါသည်။

16. လူနာညွှန်းပို့မှုစနစ်နှင့် Quarantine center အခြေအနေများကို အမြဲသုံးသပ်၍ အကောင်းဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အတတ်နိုင်ဆုံး ဆောင်ရွက်ပေး လျက်ရှိပါသည်။

17. ဈေးများ၌ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွင်း လက်ကိုင်အသံချဲ့စက်အသုံးပြု၍ ပြောကြားရမည့်အချက်များကို စီစဉ်ဆောင်ရွက် ပေးရန် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များထံ ပြည်ထောင်စုဝန်ကြီးမှ တိုက်ရိုက်မေတ္တာရပ်ခံ အကြောင်းကြားထားပြီး အားဖြည့်ဆောင်ရွက်လျက် ရှိပါသည်။

18. ဝန်ကြီးဌာနအနေဖြင့်လည်း ကူးစက်ပျံ့နှံ့မှုနှုန်းကို လျှော့ကျနိုင်စေရန်အတွက် Stay at Home အမိန့်ကြော်ငြာများကိုလည်း ထုတ်ပြန်ကြေငြာထားပြီး ဖြစ်ပါ သည်။ ပြည်သူများ တိကျစွာ လိုက်နာခြင်းဖြင့် ရောဂါထပ်မံကူးစက်မှုကို ရပ်တန့် စေမည် ဖြစ်ပါသည်။

19. ဆက်လက် ဖွင့်လှစ်ခွင့်ရရှိထားသည့် စက်ရုံ၊ အလုပ်ရုံများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များအတိုင်း ဆောင်ရွက်စေရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနနှင့် ပူးပေါင်းညှိနှိုင်းကာ ဆန်းစစ်ချက်ပုံစံကို အသုံးပြု၍ COVID19 ရောဂါ ကူးစက်မှု ကာကွယ်ပေးနိုင်သည့် စက်ရုံ၊ အလုပ်ရုံဖြစ်စေရန် ဆောင်ရွက်လျက် ရှိပါသည်။

20. COVID19 ရောဂါ ကူးစက်ဖြစ်ပွားမှုနည်းနေသေးသော၊ ဦးမော့လာမှု မရှိသေးသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ အတွေ့အကြုံကို လေ့လာသုံးသပ်ထားပြီး ၎င်းတို့ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ညွှန်ကြားထားပြီး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

21. ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှလည်း COVID-19 ရောဂါနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များ ပျံ့နှံ့ ကူးစက်မှု ပုံသဏ္ဍာန်နှင့် ကပ်ရောဂါဗေဒဆိုင်ရာ အညွှန်းကိန်းများကို နေ့စဉ် သုံးသပ်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ လုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။

22. ဆေးဘက်ဆိုင်ရာ ပါမောက္ခဆရာဝန်ကြီးများသည် Webinar များ viber, email များအသုံးပြုကာ ကမ္ဘာ၌ နောက်ဆုံးကျင့်သုံးလျက်ရှိသော ကုသမှုပုံစံများတို့ကို နေ့စဉ်နီးပါး ဆွေးနွေးလျက်ရှိပြီး COVID-19 ရောဂါ အဓိက ကုသသည့် ဝေဘာဂီ အထူးကုဆေးရုံ၊ တောင်ဥက္ကလာပဆေးရုံ၊ COVID-19 ကုသရေးဌာန (ဖောင်ကြီး) နှင့် အခြားဆေးရုံကြီးများရှိ ဆရာဝန်များထံ ဖြန့်ဝေအသိပေး လျက်ရှိပါသည်။

23. တစ်နိုင်ငံလုံး၏ COVID-19 အခြေအနေ ခြုံငုံသုံးသပ်ချက်ကို ဝန်ကြီးဌာန (ဗဟို)၌ ရက်သတ္တပတ် တစ်ပတ်လျှင် တစ်ကြိမ် အနည်းဆုံးပြုလုပ်လျက်ရှိပြီး အခြား လုပ်ငန်းဆွေးနွေးချက်များကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအဆင့် စီမံခန့်ခွဲမှုကော်မတီ၌ COVID-19 နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။

24. ကျန်းမာရေးအသိပညာမြှင့်တင်ပေးရေးဌာနမှလည်း COVID-19 နှင့်ပတ်သက်၍ လုပ်ထုံး လုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များ အမျိုးအစား (၄၀)မျိုးကို ဝန်ကြီး ဌာန၏ အင်တာနက်စာမျက်နှာ၌ တင်ထားပြီး မြောက်များစွာသော လက်ကမ်း စာစောင်များကို ထုတ်ဝေဖြန့်ဖြူးလျက်ရှိပါသည်။

25. ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လက်ကိုင်အသံချဲ့စက် စုစုပေါင်း (၂,၅၀၀၀)ခန့် ဖြန့်ဝေပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်း များနှင့် ပူးပေါင်းကာ ပြည်သူများအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်အဆင့်ထိ ကျန်းမာရေး အသိပညာပေးလျက်ရှိပါသည်။ ယခုထက်ပိုမို အားဖြည့်ဆောင်ရွက်ရန် လိုအပ်ပါမည်။

26. ဝန်ကြီးဌာနမှ COVID-19 နှင့်ပတ်သက်သည့် ဆောင်ရွက်ချက် အသေးစိတ်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာတို့တွင် တင်ပြ ထားပါသည်။ ပြည်သူများ၏ အသံကို နားထောင်လျက် မိမိတို့လုပ်ငန်းများ၏ လိုအပ်ချက်များကို ပြင်ဆင်၍ အားဖြည့်ဆောင်ရွက်လျက် ရှိပါသည်။

27. ပြည်သူများသိရှိလိုသည့် အချက်များကို ဖြေကြားနိုင်ရန်အတွက် (၉-၄-၂၀၂၀) ရက်နေ့မှစ၍ ဆေးသုတေသနဦးစီးဌာန၌ (၂၄)နာရီ Call Center 2019 ကို ဖွင့်ထားခဲ့ပြီး ပြည်သူများ၏ မေးမြန်းချက်များကို ဖြေဆိုရန်အတွက် ဆန္ဒအလျောက် တာဝန်ယူဆောင်ရွက်ရန် ဝန်ထမ်းဆရာဝန် (၄၅)ဦးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန် (၁၅)ဦးမှ တာဝန်ယူပြီး နေ့စဉ် နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ ဖြေကြားခဲ့သည့်အပြင် (၂၄)နာရီပတ်လုံး စက်မှအလိုအလျောက် ဖြေကြားလျက်ရှိရာ၊ စက်တင်ဘာလမှစ၍ ရခိုင်ဘာသာနှင့် မေးမြန်းခြင်းကို ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။ ဧပြီလတွင် တစ်နေ့လျှင် (၅၅၀)ကြိမ်၊ မေလတွင် (၂၅၀)ကြိမ်၊ ဇွန်လနှင့် ဇူလိုင်လတွင် ၅၀ မှ ၁၀၀ ကြိမ်ခန့်ထိ ရှိခဲ့ပါသည်။ စက်မှအလိုအလျောက် ဖြေကြားမှုအနေဖြင့် ဧပြီနှင့် မေလတွင် တစ်နေ့လျှင် ပျမ်းမျှအကြိမ် တစ်သိန်းခွဲမှ နှစ်သိန်း၊ ဇွန်လနှင့် ဇူလိုင်လတွင် ၃ သောင်းမှ ၆ သောင်းခန့်ရှိပြီး စက်တင်ဘာလတွင် တစ်နေ့လျှင် အကြိမ် ၂ သိန်းကျော် ဖြေကြားလျက်ရှိပါသည်။

28. COVID-19 ပထမလှိုင်းတွင် ဖုန်းခေါ်ဆိုမှုအများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ ဖြစ်ပါသည်။ ယခု ဒုတိယလှိုင်းတွင် ဖုန်းခေါ်ဆိုမှုအများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်ပါသည်။ COVID-19 လှိုင်း နှစ်ခုလုံးတွင် စုစုပေါင်းခေါ်ဆိုမှု၏ ၄၃% မှာ ကျေးလက်ဒေသများမှဖြစ်ပြီး နာဂဒေသကဲ့သို့ ဝေးလံခေါင်ဖျားအရပ်များမှ ခေါ်ဆိုမှုများလည်း ပါဝင်ပါသည်။

29. COVID-19 ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ ပါဝင်၍ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးမည့် အစီအစဉ်ကိုလည်း အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ထုတ်လွှင့်ပြသမည်ဖြစ်သဖြင့် ပြည်သူများမှ မိမိတို့သိရှိလိုသည်များကို မေးမြန်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။

30. အထက်ဖော်ပြပါ အချက်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများထဲမှ အရေးကြီးသည့် အချက်များကိုသာ ပြည်သူများ သိရှိရန် တင်ပြခြင်းဖြစ်ပါသည်။

31. ပြည်သူများသို့ ပန်ကြားမေတ္တာရပ်ခံလိုသည်မှာ မလိုအပ်ဘဲ အိမ်ပြင်မထွက်ရန်နှင့် မဖြစ်မနေ ထွက်ရမည်ဆိုပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ရန်၊ ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းခန့်သော ပိုးတွေ့လူနာများမှာ ရောဂါလက္ခဏာမပြသဖြင့် အကယ်၍ မိမိ၌ ရောဂါရှိပါက အခြားသူများကို ကူးစက်နိုင်ခြင်း မရှိစေရန်နှင့် အခြားသူများမှ မိမိအား မကူးစက်နိုင်စေရန် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဆောင်ရန်၊ ရှောင်ရန်များကို **တိတိကျကျ** လိုက်နာကြရန် ဖြစ်ပါသည်။

32. ယခုအချိန်၌ နေအိမ်အတွင်း၌သာ နေထိုင်ခြင်း (Stay at Home) သည် ရောဂါကူးစက်ပြန့်ပွားမှုကို ရပ်တန့်စေရန်အတွက် အထိရောက်ဆုံးသော နည်းဗျူဟာဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန